# ပြည်တွင်းအခွန်များဦးစီးဌာန၏ အသိပေးကြေညာချက်

# ဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာလုပ်ဆောင်ရန်ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များ

**စာစောင်၏ရည်ရွယ်ချက်**

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ခေတ်နှင့်လျော်ညီသော အခွန်စနစ်သစ်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၏ ရည်မှန်းချက်ဖြစ်သော OAS စနစ်မှ SAS စနစ်သို့ ပြောင်းလဲအကောင်အထည်ဖော်ရာတွင် အခွန်ထမ်းများသည် မိမိဆန္ဒအလျောက် လေးစားလိုက်နာမှု (Voluntary Compliance) ရှိရန်လည်း လွန်စွာအရေးကြီးပါသည်။ မိမိဆန္ဒ အလျောက်လေးစားလိုက်နာမှု (Voluntary Compliance)ရှိရန်အတွက် အခွန်ထမ်းသည် မှတ်ပုံတင်ခြင်း၊ ကြေညာလွှာတင်သွင်းခြင်း၊ အခွန်ကိုသတ်မှတ်ချိန်အတွင်း ပေးသွင်းခြင်းနှင့် မှတ်တမ်းများ ထိန်းသိမ်းထားရှိခြင်းတို့ကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ပြစ်ဒဏ်များကို ဥပဒေတွင် ပြဋ္ဌာန်းသတ်မှတ်ထားခြင်းသည် အခွန်ထမ်းများအပေါ် နစ်နာစေလိုသော သဘောမပါရှိဘဲ မိမိဆန္ဒအလျောက်လေးစားလိုက်နာမှု (Voluntary Compliance) အားကောင်းစေရန်အတွက် ဖြစ်ပါသည်။

**ကုန်သွယ်လုပ်ငန်းခွန်ကဏ္ဍ**

၂။ (က) **မှတ်ပုံတင်ရန် ပျက်ကွက်ခြင်းအတွက် ပြစ်ဒဏ် (လုပ်ငန်းမှတ်ပုံတင်ရန် ပျက်ကွက်ခြင်း နှင့် လုပ်ငန်းစတင်ကြောင်း အကြောင်းကြားရန် ပျက်ကွက်ခြင်း)**

မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိမည့် ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူတို့သည် မိမိလုပ်ငန်းမစတင်မီ တစ်လကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးထံ မှတ်ပုံတင်ရပါမည်။ မိမိလုပ်ငန်း စတင်လုပ်ကိုင်သည့်နေ့မှ ၁၀ ရက်အတွင်း လုပ်ငန်းစတင်လုပ်ကိုင်ကြောင်း အကြောင်းကြားစာကို သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရပါမည်။ ယင်းတို့ကိုပျက်ကွက်လျှင် ပျက်ကွက်မှုအလိုက် စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ် ရာခိုင်နှုန်း ဒဏ်ငွေတပ်ရိုက်ခြင်း ခံရမည် ဖြစ်ပါသည်။

(ခ) **ကြေညာလွှာ(သုံးလတစ်ကြိမ်/ နှစ်ချုပ်) တင်သွင်းရန် ပျက်ကွက်ခြင်းအတွက် ပြစ်ဒဏ်**

မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် သုံးလတစ်ကြိမ်ကြေညာလွှာနှင့် နှစ်ချုပ်ကြေညာလွှာအား သက်ဆိုင်ရာ

မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရပါမည်။ သုံးလတစ်ကြိမ် ကြေညာလွှာအား သက်ဆိုင်ရာ သုံးလပတ် ကုန်ဆုံးပြီးနောက် တစ်လအတွင်းနှင့် နှစ်ချုပ်ကြေညာလွှာအား သက်ဆိုင်ရာ နှစ်ကုန်ဆုံးပြီး သုံးလအတွင်း ပေးပို့ရပါမည်။ ယင်းတို့ကို ပျက်ကွက်လျှင် ပျက်ကွက်မှု တစ်မျိုးစီအလိုက် စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ် ရာခိုင်နှုန်း ဒဏ်ငွေတပ်ရိုက် ခြင်းခံရမည် ဖြစ်ပါသည်။

**(ဂ) အခွန်ပေးသွင်းရန် ပျက်ကွက်ခြင်းအတွက် ပြစ်ဒဏ်**

မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် လစဉ်ကျသင့်သော အခွန်ကို သက်ဆိုင်ရာလကုန်ဆုံးပြီး တစ်ဆယ် ရက်အတွင်း ပေးဆောင်ရမည်။ လစဉ်ကျသင့်အခွန် ပေးသွင်းရန် ပျက်ကွက်လျှင် စည်းကြပ် မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း ဒဏ်ငွေတပ်ရိုက်ခြင်း ခံရမည်ဖြစ်ပါသည်။

မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် နှစ်ချုပ်ကြေညာလွှာအရ ကျသင့်အခွန်နှင့် အခွန်ပေးဆောင်ရန် သတ်မှတ် ပေးထားသော သို့မဟုတ် တိုးမြှင့်ပေးထားသောရက်အတွင်း အခွန်ပေးသွင်းရန် ပျက်ကွက် လျှင် ပျက်ကွက်မှု တစ်မျိုးစီအလိုက် စည်းကြပ်မှုအရ ထပ်မံပေးသွင်းရမည့် အခွန်၏ တစ်ဆယ် ရာခိုင်နှုန်း ဒဏ်ငွေတပ်ရိုက်ခြင်း ခံရမည်ဖြစ်ပါသည်။

**(ဃ) မှတ်တမ်းမှတ်ရာ အထောက်အထားများ ထားရှိရန် ပျက်ကွက်ခြင်းအတွက် ပြစ်ဒဏ်**

မည်သူမဆို ကုန်စည်ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းကို လုပ် ကိုင်လျှင် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်းအထောက်အထား ထားရှိရန်နှင့် သတ်မှတ် ထားသောစာရင်းများ တင်ပြရန်တို့ ပျက်ကွက်လျှင် ပျက်ကွက်မှုတစ်မျိုးစီအလိုက် စည်းကြပ် မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း ဒဏ်ငွေတပ်ရိုက်ခြင်း ခံရမည်ဖြစ်ပါသည်။

**(င) အထွေထွေ**

မည်သူမဆို ကုန်စည်ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းကို လုပ် ကိုင်လျှင် စည်းကြပ်မှုနှင့်စပ်လျဉ်း၍ စစ်ဆေးရန် အကြောင်းကြားခေါ်ယူခြင်းကို လိုက်နာရန် ပျက်ကွက်လျှင် စည်းကြပ်မှုအရ ထပ်မံပေးသွင်းရမည့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း ဒဏ်ငွေ တပ်ရိုက်ခြင်းခံရမည်ဖြစ်ပါသည်။ ပြေစာ သို့မဟုတ် ငွေလက်ခံ ရရှိကြောင်း အထောက်အထား ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှု ရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက် ခြင်း သို့မဟုတ် ပြေစာအား ထုတ်ပေးသော်လည်း စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်လျှင် ယင်းသို့ ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထား တန်ဖိုး အပေါ် ကျသင့်အခွန်၏ တစ်ရာ ရာခိုင်နှုန်း ပေးဆောင်စေရမည့် အပြင် ဘဏ္ဍာရေးနှစ် တစ်နှစ် အတွင်း ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါငွေပမာဏကိုပါ ပေးဆောင်စေရမည်-

(၁) ပထမအကြိမ်ပျက်ကွက်ခြင်းအတွက် ဒဏ်ငွေ ကျပ် နှစ်သိန်း
(၂) ဒုတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ဒဏ်ငွေ ကျပ် ငါးသိန်း
(၃) တတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ဒဏ်ငွေ ကျပ် ခုနှစ်သိန်း
(၄) တတိယအကြိမ်အထက်ပျက်ကွက်ခြင်းအတွက် တစ်ကြိမ်လျှင် ဒဏ်ငွေ ကျပ် တစ်ဆယ်သိန်း

ဆက်လက် ပျက်ကွက်ပါက တရားစွဲဆိုခြင်း ခံရမည်ဖြစ်ပြီး ထောင်ဒဏ် သုံးနှစ် မှ ခုနှစ် နှစ်အထိ ကျခံရမည်ဖြစ်ပါသည်။

**ဝင်ငွေခွန်ကဏ္ဍ**

၃။ (က) **ကြေညာလွှာတင်သွင်းရန် ပျက်ကွက်ခြင်း အတွက် ပြစ်ဒဏ်**

မည်သူမဆို ဝင်ငွေနှစ်အတွင်း ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေရရှိလျှင် ထိုဝင်ငွေနှစ်အတွက် မိမိ၏ ဝင်ငွေကြေညာလွှာကို လည်းကောင်း၊ ဘာသာရေး သို့မဟုတ် ကုသိုလ်ရေး အဖွဲ့အစည်းများမှအပ ကုမ္ပဏီအပါအဝင် မည်သည့်ပုဂ္ဂိုလ်စုမဆို ထိုဝင်ငွေနှစ်အတွက် မြတ်စွန်းငွေ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ဝင်ငွေကြေညာလွှာကို ဝင်ငွေနှစ်ကုန်ဆုံးပြီး သုံးလအတွင်း သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရပါမည်။ ယင်းကို ပေးပို့ရန် ပျက်ကွက်လျှင် ပေးဆောင်ရမည့်အခွန်အပြင် ယင်းအခွန်၏တစ်ဆယ် ရာခိုင်နှုန်းအထိ ဒဏ်ငွေတပ်ရိုက်မည် ဖြစ်ပါသည်။ (လစာခေါင်းစဉ်မှ ဝင်ငွေသာ ရရှိသူဖြစ်လျှင် ယင်းသို့ ပေးပို့ရန် မလိုပါ )

အလုပ်ရှင် တစ်ဦးသည် ဝင်ငွေနှစ် ကုန်ဆုံးပြီး သုံးလအတွင်း လစာနှစ်ချုပ်စာရင်းကို စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း နှစ်စဉ်ပေးပို့ရမည်။ ယင်းကိုပေးပို့ရန် ပျက်ကွက်လျှင် ဒဏ်ငွေပေးဆောင်ရမည့်သူသည် လစာနှစ်ချုပ်စာရင်း ပေးပို့ရန် တာဝန်ရှိသူဖြစ်ပြီး ယင်းပေးဆောင်ရမည့် ဒဏ်ငွေမှာ အဆိုပါစာရင်းအရ လစာမှ နုတ်ယူထားရမည်ဖြစ်သော အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း ဖြစ်သည်။

(ခ) **အခွန်ပေးသွင်းရန် ပျက်ကွက်ခြင်း အတွက် ပြစ်ဒဏ်**

မည်သူမဆို ဝင်ငွေရရှိသည့် အချိန်၌ ထိုနှစ်အတွင်း မိမိရရှိမည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ် ကျသင့်အခွန်ကို သုံးလတစ်ကြိမ် အရစ်ဖြင့် သက်ဆိုင်ရာ သုံးလကုန်ဆုံးပြီးနောက် တစ်ဆယ်ရက်အတွင်း ဝင်ငွေခွန် ကြိုတင်ပေးဆောင်ရမည် ဖြစ်ပါသည်။ အခြေပစ္စည်းမှ မြတ်စွန်းငွေဖြစ်ပါက အခြေပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့် နေ့ရက်မှ ရက်ပေါင်း သုံးဆယ် အတွင်း အခြေပစ္စည်းမှမြတ်စွန်းငွေအပေါ် ကျသင့်သည့်အခွန်ကို ခန့်မှန်းတွက်ချက် ပေးသွင်းရမည်။ ယင်းကြိုတင်ခွန်ကို မပေးသွင်းလျှင် သို့မဟုတ် ပေးသွင်းရမည့် ကြိုတင်ခွန်သည် သက်ဆိုင်ရာ

စည်းကြပ်မှုတွင် ကျသင့်သည့်အခွန်ထက်လျော့လျှင် ယင်းပေးသွင်းရန် ပျက်ကွက်သည့်ငွေ သို့မဟုတ် လျော့ငွေ၏ တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသော ငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်ဖြစ်ပါသည်။

**(ဂ) မှတ်တမ်းမှတ်ရာ အထောက်အထားများ ထားရှိရန် ပျက်ကွက်ခြင်းအတွက် ပြစ်ဒဏ်**

ဝင်ငွေနှစ်အတွင်း သို့မဟုတ် ဝင်ငွေရရှိချိန်၌ ဝင်ငွေခွန်ပေးဆောင်ထားသူ သို့မဟုတ် ဝင်ငွေကြေညာလွှာ ပေးပို့ပြီးသူ သို့မဟုတ် ဝင်ငွေကြေညာလွှာ ပေးပို့ရန် သက်ဆိုင်ရာ စည်းကြပ်နှစ်ကုန်ဆုံးပြီး သုံးနှစ်အတွင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက အကြောင်းကြားစာ အတည်ပြုချအပ်ထားပြီးသူတို့သည် သက်သေခံ အထောက်အထားများ၊ စာရင်းများနှင့် ထိုစာရင်းများတွင် မပါဝင်သော ပစ္စည်းစာရင်းပုံစံများကို ထားရှိရမည်။ ယင်းတို့ကိုထားရှိရန် ပျက်ကွက်လျှင်၊ တောင်းဆိုသည့်အခါ ပေးအပ်ရန် ပျက်ကွက်လျှင် ပေးဆောင်ရမည့် အခွန်အပြင် ယင်းအခွန်၏ တစ်ဆယ် ရာခိုင်နှုန်း အထိ ဒဏ်ငွေတပ်ရိုက်မည် ဖြစ်ပါသည်။

**(ဃ) အထွေထွေ**

တစ်ဦးတစ်ယောက်သောသူသည် မိမိ၏ဝင်ငွေထိမ်ချန်ခြင်း သို့မဟုတ် ယင်းဝင်ငွေနှင့်စပ်လျဉ်းသည့် အချက်အလက်များ ထိမ်ချန်ကြောင်း တွေ့ရှိလျှင် ခွင့်ပြုထားသည့် ကာလအတွင်း အပြည့်အစုံ ထုတ်ဖော်ခဲ့လျှင် ထိုသူ၏ စုစုပေါင်းဝင်ငွေအပေါ်တွင် ပေးဆောင်ရမည့် အခွန်အပြင် ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့်အခွန်၏ တစ်ဆနှင့်ညီမျှသော ဒဏ်ငွေတပ်ရိုက်မည်ဖြစ်ပါသည်။ အပြည့်အစုံထုတ်ဖော်ရန် ပျက်ကွက်လျှင် အခွန်နှင့်ဒဏ် နှစ်ရပ်လုံး ပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်း ခံရမည်ဖြစ်ပါသည်။ ပြစ်မှုထင်ရှားပါက ထောင်ဒဏ် သုံးနှစ် မှ ဆယ်နှစ် အထိ ချမှတ်ခံရမည်ဖြစ်ပါသည်။

## အထူးကုန်စည်ခွန်ကဏ္ဍ

၄။ **(က) မှတ်ပုံတင်ရန် ပျက်ကွက်ခြင်းအတွက် ပြစ်ဒဏ်**

အထူးကုန်စည်ကို ပြည်တွင်းသို့ တင်သွင်းသူသည် ဘဏ္ဍာရေးနှစ်အတွင်း အစောဆုံး တင်သွင်းသည့် အထူးကုန်စည်ကို အကောက်ခွန်ဆိုင်ရာ ရှင်းလင်းထုတ်ယူခြင်းမပြုမီ သို့မဟုတ် ပြည်တွင်း၌ ထုတ်လုပ်သူသည် စတင်ထုတ်လုပ်ခြင်းမပြုမီ သုံးလကြိုတင်၍ သို့မဟုတ် ပြည်ပသို့ တင်ပို့သူသည် ဘဏ္ဍာရေးနှစ်အတွင်း အစောဆုံး တင်ပို့သည့် အထူးကုန်စည်ကို အကောက်ခွန်ဆိုင်ရာ ရှင်းလင်းတင်ပို့ခြင်းမပြုမီ ဝင်ငွေခွန်စည်းကြပ်မှုခံယူမည့် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင် လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားရမည်။ လုံလောက်သော အကြောင်းမရှိဘဲ သက်ဆိုင်ရာနှစ်အတွင်း မှတ်ပုံတင်ရန်ပျက်ကွက်ပါက ကျပ် ၅၀ သိန်း ဒဏ်ငွေ တပ်ရိုက်ခြင်း ခံရမည်ဖြစ်ပါသည်။

**(ခ) ကြေညာလွှာ (လစဉ်) တင်သွင်းရန် ပျက်ကွက်ခြင်းအတွက် ပြစ်ဒဏ်**

အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့သူများသည် တင်ပို့မည့် အထူးကုန်စည်ကို အကောက်ခွန်ဆိုင်ရာ ရှင်းလင်းတင်ပို့ခြင်း မပြုမီ ကြေညာလွှာကို ပတခ(အထခ)-၈ ပုံစံဖြင့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးထံ တင်သွင်းရမည်။

အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်သူများသည် အထူးကုန်စည် ရောင်းချသည့် လ၏ လကုန်ဆုံးပြီး တစ်ဆယ်ရက်အတွင်း ယင်းလအတွက် အထူးကုန်စည်ထုတ်လုပ် ရောင်းချခြင်း ကြေညာလွှာကို ပတခ(အထခ)-၈ ပုံစံဖြင့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီး ဌာနမှူးထံ တင်သွင်းရမည်။

အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်ပမှ တင်သွင်းသူသည် အကောက်ခွန် ဦးစီးဌာနမှ ထုတ်ယူခြင်းမပြုမီ ပတခ(အထခ)-၆ ပုံစံကို အသုံးပြု၍ ပြည်ပမှ တင်သွင်းသည့် အထူးကုန်စည်စာရင်းကို အကောက်ခွန်ဦးစီးဌာနသို့ တင်သွင်းရမည်။

အခွန်ကျသင့်သော အထူးကုန်စည်ကြေညာလွှာကို အချိန်မီတင်သွင်းရန် ပျက်ကွက် ခြင်းအတွက် သက်ဆိုင်ရာ လအတွက် ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း ဒဏ်ငွေတပ်ရိုက် ခြင်း ခံရပါမည်။

မည်သူမဆို လိမ်လည်လှည့်ဖြားလိုသော ရည်ရွယ်ချက်ဖြင့် အထူးကုန်စည် ထုတ်လုပ် မှုပမာဏနှင့် သက်ဆိုင်သည့် မမှန်သော ကြေညာလွှာကို တင်ပြလျှင် ကျသင့်အခွန်၏ **သုံးဆ** နှင့်ညီမျှသော ဒဏ်ငွေကို ပေးဆောင်ရမည့်အပြင် **တရားစွဲဆိုခြင်း**လည်း ခံရမည်ဖြစ်ပါသည်။

ထိုသို့ တရားစွဲခံရပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၃)နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း(၃၀)ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ခံရမည် ဖြစ်ပါသည်။

**(ဂ) ဈေးကွက်ပေါက်ဈေး သတ်မှတ်နိုင်ရေးအတွက် သတင်းအချက်အလက်များ အချိန်မီ တင်သွင်းရန် ပျက်ကွက်ခြင်းအတွက် ပြစ်ဒဏ်**

အခွန်ပေးဆောင်ခြင်း မရှိသေးသော ပြည်တွင်း၌ ထုတ်လုပ်သည့် အထူးကုန်စည် သို့မဟုတ် ပိုင်ဆိုင်ထားသည့် အထူးကုန်စည်များနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ရောင်းဈေးတန်ဖိုး သတ်မှတ်နိုင်ရန် ယင်းကုန်စည်ကိုထုတ်လုပ်သူ သို့မဟုတ် ပိုင်ဆိုင် ထားသူမှ လိုအပ်သည့် သတင်းအချက်အလက်များကို မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ ရမည်။ မြို့နယ်အခွန်ဦးစီးဌာနမှူးက ထိုသတင်းအချက်အလက်များကို တောင်းယူပါက အချိန်မီ တင်သွင်းရန် ပျက်ကွက်ခြင်းအတွက် ကျပ် ၅၀ သိန်း ဒဏ်ငွေတပ်ရိုက်ခြင်း ခံရမည် ဖြစ်ပါသည်။

**(ဃ) အခွန်ပေးသွင်းရန် ပျက်ကွက်ခြင်းအတွက် ပြစ်ဒဏ်**

အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်ပသို့တင်ပို့သူသည် ပြည်ပသို့ တင်ပို့ ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ပြီး နောက် ကျန်ရှိသည့် အထူးကုန်စည်ခွန်ကို တစ်ဆယ်ရက်အတွင်း ပေးဆောင်ရပါမည်။

အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်သူသည် အထူးကုန်စည် ရောင်းချသည့်လ၏ လကုန်ဆုံးပြီး တစ်ဆယ်ရက်အတွင်း ကြေညာလွှာနှင့်အတူ ကျသင့်အခွန် ငွေကို ပေးဆောင်ရပါမည်။

အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်တွင်းသို့ တင်သွင်းသူသည် ကုန်စည်ကို ရွေးယူခြင်းမပြုမီ ကျသင့်အခွန်အကောက်များနှင့်အတူ ပေးဆောင်ရပါမည်။

ယင်းအခွန်ငွေကို သတ်မှတ်ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်းအတွက် ပေးဆောင်ရမည့် အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း ဒဏ်ငွေတပ်ရိုက်ခြင်း ခံရမည် ဖြစ်ပါသည်။

**(င) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရန် ပျက်ကွက်ခြင်းအတွက် ပြစ်ဒဏ်**

အခွန်ကျသင့်သော အထူးကုန်စည်များအနက် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် အထူးကုန်စည်များအား အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်ကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းကုန်စည်တန်ဖိုး၏ ၅၀% ဒဏ်ငွေ တပ်ရိုက်မည် ဖြစ်ပါသည်။

**(စ) အခွန်လွတ်ကင်းစေရန် တိမ်းရှောင်ခြင်း သို့မဟုတ် အခွန်လျော့နည်းစေရန် သတင်းအချက်အလက်များကို ထိမ်ချန်ခြင်း တို့အတွက် ပြစ်ဒဏ်**

အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်သူ သို့မဟုတ် ပြည်ပမှ တင်သွင်းသူ သို့မဟုတ် ပြည်ပသို့ တင်ပို့သူသည် အခွန်လွတ်ကင်းစေရန် တိမ်းရှောင်ခြင်း သို့မဟုတ် အခွန်လျော့နည်းစေရန် သတင်းအချက်အလက်များကို ထိမ်ချန်ခြင်းပြုခဲ့လျှင် ထိုသို့ တိမ်းရှောင်ထိမ်ချန်ခဲ့ခြင်းကြောင့် ပိုမိုကျသင့်သည့် အခွန်၏တစ်ဆနှင့်ညီမျှသော ဒဏ်ငွေကို ပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်းလည်း ခံရမည်။ ထိုသို့ တရားစွဲဆိုခံနေရစဉ်တွင် ခွင့်ပြုထားသည့် ကာလအတွင်း ထုတ်ဖော်ရန် ပျက်ကွက်လျှင် သို့မဟုတ် တိမ်းရှောင် ထိမ်ချန်ခဲ့သည့် အထူးကုန်စည်ပမာဏနှင့် သက်ဆိုင်သည့် အချက်အလက်များကို လျော့နည်း ထုတ်ဖော်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို (**၃**)နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် **၁၀ သိန်း** ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ **ဒဏ်နှစ်ရပ်လုံး** ဖြစ်စေ ချမှတ်ခံရမည်ဖြစ်ပါသည်။

**(ဆ) အထွေထွေ**

အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို ရရှိပိုင်ဆိုင်ထားလျှင် ယင်းကုန်စည်တန်ဖိုး၏ ၁၀၀% ပေးဆောင်ရမည့်အပြင် ယင်းကုန်စည်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူမည်ဖြစ်သည်။

၅။ <u>**အသေးစိတ်သိရှိလိုပါက**</u> သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်) ဖုန်းနံပါတ်(၀၆၇-၄၃၀၀၀၀၉)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်) ဖုန်းနံပါတ် (၀၁-၃၇၈၃၇၀) (၀၁-၃၇၈၃၇၂)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး) ဖုန်းနံပါတ်(၀၂-၃၀၁၀၉၂) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**